
ဝန်ဇင်း
Read on the move
မောင်နှင်းဆွေ
သွေးနှင်းဆီသခင်မ

သွေးနှင်းဆီ . . .

ယင်းသည် ပန်းနာမည်မဟုတ်ပေ။

အလွန်ချောမောလှပသော မိန်းမပျိုတစ်ယောက်၏ ဘွဲ့နာမည် တစ်ခုမျှသာ ဖြစ်၏။

ရုပ်ရည်ချောမောလှပသလောက် ရက်စက်ကြမ်းကြုတ်သည့် နေရာတွင် ပြိုင်ဖက်ကင်းသဖြင့် သူမကို 'သွေးနှင်းဆီ' ဟု သိုင်းလောက သားများက ဘွဲ့အမည်ပေးထားကြခြင်း ဖြစ်၏။

သူမသည် လျှို့ဝှက်သောနေရာတစ်ခုတွင် နေထိုင်၍ ထိုလျှို့ ဝှက်သောနေရာသို့ ဝင်ရောက်ရန် ကြိုးစားသူတိုင်း အသက်ပျောက် သွားး ကြရစမြဲ ဖြစ်သည် ။

အထူးသဖြင့် သူမနှင့် တွေ့ဆုံပြီး လက်ထပ်ရန်ကြိုးစားကြသူ များသည် ထိုသို့ လျှို့ဝှက်သောနေရာသို့ ရောက်ရှိကာ ရက်စက်စွာ သတ်ဖြတ်ခြင်း ခံကြရသည် ။

'သွေးနှင်းဆီ'

သို့မဟုတ် သိုင်းလောကမှ ပြိုင်ဖက်ကင်းသော အလှနတ်သမီး။

ချောမောလှပသလောက် နှလုံးသားမှာ မူ သွေးဆာနေသော ကျားနက်တစ်ကောင်ပမာ ဖြစ်နေသည် ။

သူမ၏ နာမည်ကို ကြားရရုံနှင့် ပင် ကျောချမ်းသွားမိကြရစမြဲ။

သူမသည် သိုင်းလောကကို ကျောခိုင်းစွန့်ခွာသွားသည့် တိုင် သူမ၏ နာမည်မှာ သိုင်းလောကကို လွှမ်းမိုးထားစမြဲပင် ဖြစ်သည် ။ မည်သူက မျှ သူမကို မမေ့နိုင်သေးပါချေ။

အချို့အချို့သော သိုင်းလောကသားများ သည် သူမကို လိုက် လံရှာ ဖွေနေကြဆဲ။ သူတို့လိုက်လံရှာဖွေနေကြခြင်းမှာ ရည်ရွယ်ချက် အမျိုးမျိုးရှိနေကြ၏။

အချို့က သူမအား လက်ထပ်ရန်။

အချို့က သူမအား သွေးကြွေးဆပ်ရန် စသဖြင့် . . .

သို့သော် ယနေ့အထိ သူမကို မည်သူမျှလက်မထပ်နိုင်သေး သလို မ ည်သူကမျှလည်း သွေးကြွေးမဆပ်နိုင်ကြသေးပါချေ။

သို့ဆိုလျှင် ဤနာကြည်းလှသော 'သွေးနှင်းဆီ' ဆိုသည့် မိန်းမပျို သ ည် မည်သူဖြစ်ပါသနည်း။

တစ်နေ့တွင် ကား . . .

*

မိုးကောင်းကင်တစ်ခုလုံး မည်းမှောင်နေ၏။

'ဂျိမ်း . . .ဒလိန်း'

'ဒိန်း . . .'

မိုးထစ်ချုန်းသံကြီးများ နှင့် အတူ လျှပ်ရောင်လျှပ်ပန်းများကလည်း တဝင်းဝင်း တလက်လက်။ မိုးသားတိမ်လိပ်များ သည် အလိပ်လိုက် အ

လိပ်လိုက် ထူထပ်လျှင်မြန်စွာ ရွေ့လျားနေကြသည် ။

'ဝှီး . . .ဝှီး . . .ဝှီး . . .'

'ဟူး . . .ဟူး . . .ဟူး .. . .'

လေပြင်းဟုန်ရမ်းတိုက်ခိုက်မှုကြောင့် တောတောင်တစ်ခုလုံး သစ်ပင်ကြီးငယ်များမှာ အမြစ်မှ ကျွတ်ထွက်လုမတတ် ယိမ်းထိုးလှုပ်ရမ်းနေကြသည် ။

'ဝေါ . . .ဝေါ . . .ဝေါ'

မကြာမီ လေးရောမိုးပါ သည်းထန်စွာရွာသွန်းချလာ၏။ ရေ လှိုင်းတစ်လုံးကို မှောက်သွန်ချလိုက်သည့် အလား၊ ငွေမြားတံများ ပစ်လွှတ် လိုက်ဘိသကဲ့သို့ မိုးရေစက်များ သည် မြေပြင်အဝန်းသို့ တဖြုန်းဖြုန်း ကျရောက်လာသည် ။

'ဂျိမ်း . . .ဒလိန်း . . .'

'ဒိန်း'

မိုးထစ်ချုန်းသံများ နှင့် အတူ ပြိုးပြက်ဝင်းလက်သွားသော လျှပ်ရောင်များ အောက်တွင် ခရီးသွားမြင်းစီးသမားတစ်စု ထွက်ပေါ်လာသည် ။

မြင်းစီးသမားများအားလုံး မိုးရေများ စိုရွှဲနေကြသည် ။

ရှေ့ဆုံးတွင် မြင်းနှစ်ကောင်က ဦးဆောင်လာ၏။ ဘယ်ဘက်မှ မြင်းစီးသမားသည် မျက်နှာပေါ်မှ မိုးရေများကို သုတ်လိုက်ရင်း . .

'ကျင်းခွေမြို့ကိုတောင် ရောက်တော့မယ်။ ဘယ့်နှယ် တစ်လမ်းလုံး အိမ်ခြေယာခြေတောင် မတွေ့ရပါလား'

ထိုအခါ ယာဘက်မှ မြင်းစီးသမားသည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး . . .

'ဟုတ်တယ်ဗျ။ မိုးခိုစရာနေရာတောင် မတွေ့ရဘူး'

ဘယ်ဘက်မှ လူသည် အရှေ့ဘက်သို့ လှမ်းကြည့်လိုက်သောအခါ တောအုပ်ကလေးတစ်ခုကို လှမ်းမြင်လိုက်ရသည် ။

'ဟာ . . .ဟိုမှာ တောအုပ်တစ်ခုရှိတယ်။ အဲဒီမှာ ခဏလောက် မိုးခို နေကြရအောင်'

သူသည် ပြောပြီးသည် နှင့် မြင်းကို အရှေ့ဘက်သို့ အပြင်းဒုန်းစိုင်း စီးနင်းသွားလေ၏။

'ဟိုင်း'

ယာဘက်ကလူကလည်း မြင်းအား တစ်ချက်အော်ငေါက်လိုက်ပြီး နောက်မှ ထပ်ကြပ်မကွာ လိုက်ပါသွားလေသည် ။

ထိုစဉ် သူတို့ နောက်မှ စိုးရိမ်ထိတ်လန့်သော အသံထွက်ပေါ် လာသ ည် ။

'အစ်ကိုတို့ ရပ်လိုက်ပါ။ တောအုပ်ထဲကို မသွားကြပါနဲ့ '

မိုးသံလေသံများ ဟိန်းထွက်နေသည့် အပြင် ထိုမြင်းစီးသမား နှစ်ဦး မှာ လည်း အဝေးသို့ ရောက်ရှိသွားပြီဖြစ်သဖြင့် ထိုအထိတ်တလန့် ပြော လိုက်သောအသံကို လုံးဝမကြားလိုက်ပါချေ။

မြင်းစီးသမားနှစ်ယောက်တို့ သည် တောအုပ်အတွင်းသို့ လျင်မြန်စွာ ဝင်ရောက်သွားကြပြီဖြစ်သည် ။

စိုးရိမ်စွာ ဟန့်တားလိုက်သောလူ၏ မျက်နှာပေါ်တွင် စိုးရိမ်ထိတ် လ

န့်သည့် အရိပ်အယောင်များ ပေါ်လွင်ထွက်ပေါ် လာပြီးနောက် . . .

'ဒုက္ခပါပဲ'

ထိုစဉ် . . .

နောက်မှ ရောက်ရှိလာသော မြင်းတစ်ကောင်ပေါ်မှ မုတ်ဆိတ်၊ ပါးမြိုင်းမွေးထူလဗျစ်နှင့် မြင်းစီးသမားက ထိုသူ၏ ပခုံးကို တစ်ချက်ပုတ် လိုက်ပြီး . . .

'ဟိတ် မင်းဘာတွေငိုင်နေတာလဲ'

စိုးရိမ်စွာရှိနေသောလူက တောအုပ်ကို ªန်ပြလိုက်ပြီး . . .

'ဒီတောအုပ်ကို သွားလို့ မဖြစ်ဘူး'

မုဆိတ် ပါးမြိုင်းမွေးထူလဗျစ်နှင့် လူက ရယ်မောလိုက်ပြီး . .

'ဘာဖြစ်လို့ သွားလို့ မဖြစ်ရမှာ လဲ။ ကျားတွေများ ရှိနေလို့ လား။ ဟား . . .ဟား . . .ဟား'

သူသည် ရယ်မောရင်းမြင်းကို အရှိန်ပြင်းစွာ စီးနင်းလျက် ထိုလူအား ကျော်ဖြတ်သွားလေသည် ။

စိုးရိမ်သောလူသည် မျက်မှောင်ကြုတ်ကာ တွေဝေနေ၏။ သူ၏ သေးသွယ်သော ခန္ဓာကိုယ်မှာ လည်း အနည်းငယ်တုန်ခါနေသည် ။

'ဟိတ် . . .ခင်ဗျားဘာငေးနေတာလဲဗျ'

ထိုစဉ် နောက်မှ မြင်းတစ်ကောင် ထပ်မံရောက်ရှိ လာပြီး၊ မြင်း ပေါ်မှ လူသည် လှမ်းပြောကာ တောအုပ်သို့ ဦးတည်ထွက်သွားပြန်သည် ။

ခန္ဓာကိုယ်သေးသွယ်သောလူသည် မိုးရေထဲတွင် အတန်ကြာ တွေဝေနေပြီးမှ တောအုပ်အတွင်းသို့ လိုက်ဝင်သွား၏။

လူသည် တောအုပ်နှင့် နီး လာလေလေ သူ၏ မျက်နှာတစ်ခုလုံးမှာလည်း စိုးရိမ်ကြောက်ရွံ့သော အရိပ်အယောင်များ ပိုမိုဖြစ်ပေါ် လာလေလေ ဖြစ်နေသည် ။

ထိုတောအုပ်ထဲ၌ အလွန်အန္တရာယ်ကြီးမားသော သတ္တဝါများ ရှိနေသည့် အလား သူသည် ကြောက်ရွံ့နေပေတော့၏။

*

ထူထပ်သော တောအုပ်အတွင်းသို့ ဝင်ရောက်လာသောအခါ သူ့ ထက် အလျင်ဦးအောင် ရောက်ရှိနေသူလေးယောက်တို့ သည် မြင်းပေါ်မှ ဆင်း ပြီး အပေါ်အင်္ကျီများကို ချွတ်ကာ ရေညှစ်နေပြီ ဖြစ်သည် ။

သစ်ပင်များ အလွန်ထူထပ်သော တောအုပ်ဖြစ်သဖြင့် မိုးရေများ သည် သစ်ရွက်များကို ထိုးဖောက်နိုင်စွမ်း မရှိသောကြောင့် မိုးရေများမှာ အားနည်းနေသည် ။

'ဟား . .. .ဟား .. . .ဟား . . .'

'ဟား . .. .ဟား .. . .ဟား . . .'

ထိုလူလေးယောက်တို့ သည် နောက်ဆုံးမှ ဝင်ရောက်လာသူကို ကြည့်ကာ ရယ်မောနေကြလေသည် ။

မုတ်ဆိတ်နှင့် လူသည် တဟားဟား ရယ်မောလိုက်ပြီး . . .

'ဘယ်လိုလဲ ပိုင်ရှောက်ယူက သိုင်းလောကမှာ ကျင်လည် ကျက်စားခဲ့တာ သုံးနှစ်တောင်ကြာပြီပဲ၊ ဘာဖြစ်လို့ များ သတ္တိနည်းနေရ တာလဲဗျ '

သူ့အနီးတွင် ရပ်နေသော လူတစ်ယောက်ကလည်း . . .

'ဟုတ်တယ် ပိုင်ရှောက်ယူ၊ တို့ တစ်တွေ အခု ဒီပြည်ထဲကို လာတဲ့ ကိစ္စက တို့ တစ်တွေရဲ့ မိုးကြိုးနဂါးငါးကောင်အကြောင်း အစွမ်းပြချင်လို့ မဟုတ်လား၊ အခု ခင်ဗျားလုပ်ပုံနဲ့ ဆိုရင် မလွယ်ဘူးဗျ'

ပိုင်ရှောက်ယူဆိုသူ၏ မျက်နှာမှာ ရှုံ့မဲ့နေသည် ။ သူသည် ရှင်းပြ ရန် ပါးစပ်ဟလိုက်စဉ်မှာ ပင် ကိုယ်လုံးထွားကျိုင်းသော လူတစ်ယောက်က ကြားဖြတ်၍ ပြောလိုက်သည် ။

'ကြည့်စမ်း . . .တို့ က မိုးခိုဖို့ တောအုပ်ထဲကို ရမ်းသမ်းပြီး ဝင် လာတာ။ အခုတော့ အိမ်တွေ အဆောက်အအုံတွေကိုတောင် တွေ့နေရ တယ်'

ကျန်ရှိသော လူသုံးယောက်တို့ သည် ထိုလူªန်ပြရာသို့ တစ်ညီ တစ်ညွတ်တည်း လှမ်းကြည့်လိုက်ကြသည် ။

ထိုအခါ သစ်ပင်များကြားမှ အမည်းရောင်အုတ်နံရံတစ်ခုကို တွေ့ မြင်လိုက်ရ၏။

ထိုသန်မာထွားကျိုင်းသည့် သူက ကျန်လူများအား တစ်ချက် လှည့်ကြည့်လိုက်ပြီး . . .

'ကိုရီနဲ့ ကူချီ မြင်းကြည့်ထား။ ကျုပ် အခြေအနေ သွားကြည့် ဦးမယ်'

သူသည် ပြောရင်း ခြေလှမ်းကျဲကျဲနှင့် လျှောက်သွားလေသည် ။

ပိုင်ရှောက်ယူ၏ မျက်နှာမှာ မည်းမှောင်နေ၏။

သူသည် မြင်းကြီးကိုဆွဲကာ ခေါင်းငုံ့တွေဝေနေသည် ။

'ဖောက် . . .ဖောက် . . .ဖောက်'

သစ်ကိုင်းများ ပေါ်မှ တစ်ဆင့် ကျဆင်းလာသော မိုးရေစက်များ သည် သူ၏ လည်ဂုတ်ပေါ်သို့ ကျရောက်လာသည် ကိုပင် သူသည် သတိထားမိခြင်း မရှိပါချေ။

'အား . . .'

ရုတ်တရက် အဆောက်အအုံဘက်မှ ထိတ်လန့်တုန်လှုပ်စွာ အော် ဟစ်လိုက်သည့် အသံတစ်သံကို ကြားလိုက်ရသည် ။

ပိုင်ရှောက်ယူ ခန္ဓာကိုယ်မှာ တစ်ချက် တုန်ခါသွား၏။ သူသည် မြင်းဇက်ကြိုးကို လွှတ်ချလိုက်ပြီး ရုတ်တရက် အဆောက်အအုံရှိရာသို့ ပြေးလွှားသွားတော့၏။

တောအုပ်သည် သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေ၏။

သစ်ပင်တစ်ပင်နှင့် တစ်ပင်ကြားတွင် လူတစ်ယောက်စာမျှ ကွက်လပ်ရှိနေ၏။

သို့သော် . . .

ပိုင်ရှောက်ယူသည် ကိုယ်ဖော့ပညာဖြင့် နယ်ခြားတွင် လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သည့် တိမ်ပေါ်နဂါးဘွဲ့ ရရှိထားသူ ဖြစ်၏။

ထို့ကြောင့် . . .

သူသည် ထိပ်တန်းကိုယ်ဖော့ပညာကို အသုံးပြုကာ သစ်ပင်များကြားမှ ကျွမ်းကျင်စွာ ကွေ့ပတ်သွားနေသည် ။

'ဝှစ် . . .ဝှစ် . . .ဝှစ်'

'ဟူး . . .ဟူး . . .ဟူး'

တိမ်ပေါ်နဂါး ပိုင်ရှောက်ယူသည် တောအုပ်ကိုဖြတ်ကျော်၍ ထိုး ထွ

က်လာသည့် အခါ မြေကွက်လပ်တစ်ခုကို တွေ့ မြင်လိုက်ရ၏။

ယင်းမြေကွက်လပ်သည် အတန်ကျယ်ဝန်းပြီး ကောဇောရှည်ကြီး တစ်ချပ် ဖြန့်ခင်းထားသလို ညီညာပြန့်ပြူးနေ၏။

လူအားဖြင့် ပြုပြင်ဖန်တီးထားသည့် မြေကွက်လပ်ပင်ဖြစ်သည် ။

ထိုမြေကွက်လပ်ပေါ်တွင် ကြီးမားသည့် အဆောက်အအုံတစ် ခုအား တွေ့ မြင်လိုက်ရ၏။

သူသည် ခြေလှမ်းကို တုန့်ခနဲ ရပ်သွားပြီး ထိုအမည်းရောင် နံရံ များ ရှိသည့် အဆောက်အအုံကိုကြည့်ကာ သူ၏ မျက်နှာပေါ်တွင် အလွန် စိုး ရိမ်ထိတ်လန့်သည့် အရိပ်အယောင်များ လွှမ်းမိုးလာရလေ၏။

သူသည် ယင်းသို့ခြေလှမ်းရပ်တန့်လိုက်တော့မှ ပင် ကိုယ်လုံး ကိုယ် ထည် ထွားကျိုင်းသန်စွမ်းသည့် သူသည် သူ့ရှေ့ဝါးတစ်ရိုက်ခန့် အကွာ တွင် ရပ်နေသည် ကို တွေ့ မြင်လိုက်ရ၏။

သူသည် ယခုမှ ပင် စိတ်သက်သာရာ ရရှိသွား၏။ ယင်း အချိန် က လေးမှာ ပင် သူ့နောက်မှ အဝတ်လေတိုးသံများ ကြားလိုက်ရပြီး အဖော် သုံးယောက်သည် လည်း လျှင်မြန်စွာ ရောက်ရှိလာကြသည် ။

သူတို့ လက်ထဲတွင် ကြီးမားသည့် မြက်ခမောက်ကိုယ်စီ ကိုင် ဆောင် ထားကြ၏။

သူတို့ သည် ယင်းအဆောက်အအုံအား တွေ့ မြင်လိုက်ရသည့် အခါ သူတို့ ၏ မျက်နှာများ တွင် အံ့ဩသည့် အရိပ်အယောင်များ ယှက် သန်း ထွက်ပေါ်လာကြတော့၏။

*

ပိုင်ရှောက်ယူသည် သူ့ရှေ့တွင် ရပ်နေသူထံသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်ပြီး . . .

'ကိုင်း . . .အစ်ကိုကြီး မိုးလည်း စဲသွားပါပြီ။ သွားကြရအောင်'

သို့သော် . . .

သန်မာထွားကျိုင်းသည့် ပုဂ္ဂိုလ်သည် သူ့အားတစ်ချက်ကလေးမျှ ပင် ပြန်လည်စောင်းငဲ့၍ မကြည့်ဘဲ ယင်းအဆောက်အအုံကိုသာ မျက်တောင် မခတ် စူးစိုက်ကြည့်နေသည် ။

ယင်းအဆောက်အအုံ၏ ထူးခြားချက်မှာ လေးဘက်လေးတန် ရှိကာရံထားသည့် နံရံများ သည် အဆောက်အအုံထက် မြင့်မားနေခြင်းပင် ဖြစ်၏။

ထို့ပြင် မည်သည့် နံရံမဆို အနီရောင်ကိုသာ ခြယ်သတတ်ကြ၏။

သို့သော် . . .ယခုတွေ့ မြင်နေရသော နံရံမှာ မူ အမည်းရောင် ခြယ်သထားသဖြင့် တွေ့ရသူအဖို့ ထူးဆန်းအံ့ဩစေကာ စိတ်ချောက်ချား မှုလည်း ဖြစ်ပေါ်နေစေတော့၏။

ထိုသန်မာထွားကျိုင်းသောလူသည် အဆောက်အအုံကို အတန် ကြာ ငေးစိုက်ကြည့်နေပြီးနောက် အိတ်ထဲမှ သံမဏိအလုံးကလေးတစ်လုံး ကို နှိုက်ယူလိုက်၏။

ယင်းသံလုံးကလေးအား နံရံဆီသို့ ပစ်ပေါက်လိုက်လျှင် . . .

'ဝှီး'

'ချွမ်း'

ဟူသော အသံထွက်ပေါ်လာသည် ကို ကြားလိုက်ရ၏။

'ဟင်'

ထိုသူသည် အလွန်အံ့အားသင့်သွားမိ၏။

အကြောင်းမှာ ယင်းနံရံသည် အုတ်ဖြင့်တည်ဆောက်ထားသော နံရံမဟုတ်ဘဲ၊ သံမဏိပြားများ ဖြင့် တည်ဆောက်ထားသော နံရံဖြစ်နေသည် ကို သိလိုက်ရခြင်းကြောင့် ပင်တည်း။

သူသည် မျက်မှောင်ကြုတ်သွားရပြီး . . .

'ဒါက ဘယ်လိုဖြစ်တာလဲဟ'

ဟု တအံ့တဩရေရွတ်မိလိုက်၏။

တိမ်ပေါ်နဂါးပိုင်ရှောက်ယူမှာ မူ မျက်နှာ ကွက်ခနဲ ပျက်သွားမိ၏။

သူသည် စိုးရိမ်တကြီးဖြင့် အဆောက်အအုံဘက်သို့ လှမ်းကြည့် လိုက်၏။

အဆောက်အအုံထဲတွင် လူသံသူသံ လုံးဝမကြားရဘဲ တိတ် ဆိတ်နေသည် ကို တွေ့ရမှ စိတ်သက်သာရာ ရသွားလေသည် ။

ပိုင်ရှောက်ယူသည် ထိုသန်မာထွားကျိုင်းသောသူ၏ လက်မောင်း ကို ဆွဲထားလိုက်ပြီး . . .

'အစ်ကိုကြီး ဒီအဆောက်အအုံဟာ ထူးဆန်းနေတယ်လို့ မထင်မိဘူးလား။ ဘာဖြစ်လို့ သံလုံးနဲ့ ပေါက်လိုက်ရတာလဲ'

မုတ်ဆိတ် ပါးမြိုင်းမွေးထူလဗျစ်နှင့် ပုဂ္ဂိုလ်သည် နှာခေါင်းရှုံ့လိုက်ပြီး . . .

'အဲဒါဘာဖြစ်သလဲ။ ဒီအဆောက်အအုံ ဘယ်လောက်များ ထူး ဆန်း

တယ်ဆိုတာ ကျုပ် ကြည့်ဖြစ်အောင် ကြည့်ရဦးမယ်'

ပြောပြောဆိုဆို ထိုသူသည် မြင်းပေါ်မှ ကြိုးခွေများကို ဖြုတ် ယူလိုက်သည် ။

'ဟင်'

ပိုင်ရှောက်ယူသည် အလွန်အမင်း အထိတ်တလန့်ဖြစ်ကာ သန်မာထွားကျိုင်းသောလူ၏ လက်ကို ဆွဲလိုက်ပြီး . . .

'အစ်ကိုကြီး သူ့ကို တားထားလိုက်စမ်းပါ။ တော်ကြာ အားလုံး ဒုက္ခ ရောက်သွားပါဦးမယ်'

*

ထိုသန်မာထွားကျိုင်းသောလူ၏ အမည်မှာ ရွှေနဂါးလုတိတ် ဖြစ်၏။

သူတို့ ငါးယောက်ထဲတွင် ရွှေနဂါးလုတိတ်သည် ခေါင်းဆောင် ဖြစ်၏။ ရွှေနဂါးလုတိတ်သည် စိုးရိမ်ကြောက်ရွံ့နေသော ပိုင်ရှောက်ယူကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး . . .

'ပိုင်ရှောက်ယူ မင်းက ဒီအဆောက်အအုံကို ဘာဖြစ်လို့ ဒီလောက် တောင် ကြောက်နေရတာလဲ'

ပိုင်ရှောက်ယူသည် အနည်းငယ် ချင့်ချိန်ပြီးမှ . . .

'အစ်ကိုကြီး သွေးနှင်းဆီဆိုတာ ကြားဖူးသလား'

လုတိတ်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး . . .

'အိမ်း . . .ကျုပ်ကြားဖူးတယ်ကွ။ သူက တောင်ပင်လယ် လုရှောင်ရဲ့ တပည့်ပဲ။ သူ့နာမည်က တောင်ပင်လယ်နတ်သမီး ရှန်ကျိုး မဟုတ်လား

'

'ဟုတ်တယ် အစ်ကိုကြီး။ သူပေါ့'

လုတိတ်သည် တအံ့တသြဖြစ်သွားရ၏။

'တစ်ချိန်တုန်းက သူက ကျမ်းကျိန်ခဲ့တယ်။ ဆယ်နှစ်တိတိ ဘယ်ကိုမှ မသွားဘဲ တရားကျင့်ကြံနေမယ်လို့ '

မုတ်ဆိတ် ပါးမြိုင်းမွေးထူလဗျစ်နှင့် ပုဂ္ဂိုလ်မှာ မိုးနဂါးကျုံပိ ခိုင်ဖြစ်သည် ။

'ဟား . . .ဟား . . .ဟား'

မိုးနဂါးကျုံပိခိုင်သည် ထိုစကားကြားရလျှင် သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး . . .

'လက်စသတ်တော့ တောင်ပင်လယ်နတ်သမီးက ဒီမှာ နေတာ ကိုး။ ဟန်ကျ လိုက်လေကွာ'

သူသည် ရယ်မော၍ စကားဆက်လိုက်ပြန်၏။

'တောင်ပင်လယ်နတ်သမီး ရှန်ကျိုးဟာ သိုင်းလောကမှာ အချောဆုံး အလှဆုံးလို့ ကြားရတယ်။ ဒီအိမ်မှာ သာ ရှိနေတယ်ဆိုရင် ကျုပ်က ခေါ်ထုတ်ပြီး သူ့ကို လက်ထပ်ယူလိုက်မှာ ပေါ့'

ပိုင်ရှောက်ယူသည် မိုးနဂါးကျုံပိခိုင်၏ လက်ထဲမှ ကိုင်ထားသော ကြိုးခွေအား တစ်ချက်ကြည့်လိုက်ပြီး . . .

'ခင်ဗျား ဘာလုပ်မလို့ လဲ'

မိုးနဂါးကျုံပိခိုင်သည် ရယ်မောလိုက်ပြီး . . .

'ကျုပ် ဘာပဲလုပ်လုပ် မင်းနဲ့ မဆိုင်ဘူး'

သူသည် ယင်းသို့ပြောပြီးသည် နှင့် အဆောက်အအုံရှိရာသို့ လျှောက်သွားလေ၏။

သူသည် နံရံခြေရင်းသို့ ရောက်ရှိသွားသည် နှင့် လက်တစ်ဖက်က ကြိုးစကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်မှာ မူ ကြိုးထပ်တွင် ချည်ထား သော သံချိတ်ကို ဝှေ့ယမ်းလိုက်၏။

'ဝှီး . . .ဝှီး . . .ဝှီး'

'ဝှစ် . . .ဝှစ် . . .ဝှစ်'

သူသည် နောက်သို့ ခြေနှစ်လှမ်းခန့်ဆုတ်ပြီး နံရံထိပ်သို့ စိုက် ကြည့်နေ၏။ ရုတ်တရက် သူ၏ ညာဘက်လက်မှ ဝှေ့ယမ်းနေသော သံချိတ်ကို အထက်သို့ ပစ်လွှတ် လိုက်လေ၏။

ထိုအခါ ကြိုးတန်းသည် မြားတစ်စင်းပစ်လွှတ်လိုက်သလို နံရံ ပေါ်သို့ တည့်မတ်စွာ ထောင်တက်သွားပြီးနောက် . . .

'ချွမ်း' ခနဲ မြည်ကာ သံချိတ်သည် နံရံထိပ်တွင် ချိတ်သွားလေ သည်။

ထိုစဉ် ရွှေနဂါးလုတိတ်သည် မီးနဂါးကျုံပိခိုင်ထံသို့ လျှောက်သွားပြီး . . .

'အစ်ကိုကြီးပဲလိုက်မယ်'

'ကိုင်း . . .ကူရိုနဲ့ ကူကျို၊ ကျုပ်တို့ သုံးနာရီကြာလို့ မှ ပြန် ထွက်မလာဘူးဆိုရင် မင်းတို့ က ကြန့်နန်မြို့ကို အမြန်ဆုံးသွားပါ။ ရွှေ လုံစီးမင်းချုံးကို အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းပါ'

မီးနဂါးကျုံပိခိုင်သည် ရယ်မောလိုက်ပြီး . . .

'စိတ်ချပါဗျာ။ သုံးနာရီမတိုင်ခင် ကျုပ်နဲ့ အစ်ကိုကြီးက အောင် အောင်မြင်မြင် ချောချောမောမော ပြန်ထွက်လာမှာ ပါ'

သူသည် ပြောပြီး ကြိုးစကို တစ်ချက်ဆွဲကြည့်လိုက်၏။ စိတ် ချရသည့် အနေအထားကို တွေ့တော့မှ ထပ်မံလှည့်၍ ပြုံးလိုက်မိပြီး . . .

'ကိုင်း မင်းတို့ စောင့်နေကြ။ တော်ကြာ ကျုပ်တို့ က သိုင်းလောကမှာ အချောဆုံးမိန်းကလေးတစ်ယောက်ကို အပါခေါ်ထုတ်လာခဲ့မယ်။ ဟား . . .ဟား . . .ဟား'

'ဟိုင်း'

'ဝိုး'

သူသည် ရယ်မောရင်း ကြိုးစကိုဆွဲကာ အထက်သို့မျောက် တစ်ကောင်ပမာ လျင်မြန်စွာတက်သွား၏။

တခဏအကြာတွင် သူသည် အုတ်နံရံထိပ်သို့ ရောက်ရှိသွား လေ၏။

'ယား . . .'

'ဝှစ်'

ချက်ချင်းပင် ရွှေနဂါးလုတိတ်သည် နောက်မှ လိုက်၍ တက် သွား၏။ မကြာမီ သူတို့ သည် နံရံထိပ်ပေါ်သို့ ရောက်ရှိသွားကြ၏။

တိမ်ပေါ်နဂါးပိုင်ရှောက်ယူ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ မျက်နှာ သွေးရောင်လုံးဝမရှိတော့ပါချေ။

ကျုံပိခိုင်နှင့် လုတတ်တို့ အုတ်နံရံပေါ်မှ ပျောက်ကွယ်သွားသည် အထိ ကြည့်ပြီးနောက် သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ရွှံ့ဗွက်ထဲသို့ အရုပ်ကြိုးပြတ်သလို ဝုန်းခနဲ ဖင်ထိုင်ချ လိုက်လေတော့၏။

*

လေမုန်တိုင်းသည် လျှင်မြန်စွာရောက်ရှိလာတတ်သလို လျှင်မြန် စွာ ပျောက်ကွယ်သွားတတ်၏။

မိုးလေးများ ရပ်တန့်သွားပြီဖြစ်ရာ ဝန်းကျင်တစ်ခုလုံး ပကတိ ပြန်လည်တိတ်ဆိတ် လာလေ၏။

နံရံထိပ်တွင် ချိတ်ထားသောကြိုးတန်းသည် တန်းလန်းချထား ဆဲပင် ရှိနေလေ၏။

ပိုင်ရှောက်ယူ၏ စူးရှတောက်ပသော မျက်လုံးအစုံသည် ထို ကြိုး တန်းအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ထိုစဉ် မိုးကြိုးနဂါးငါးကောင်အဖွဲ့မှ အမှတ်စဉ်သုံးဖြစ်သူ မြစ်ဝါ နဂါးလုချန်စိမ့်သည် ရုတ်တရက် ရင်ကော့လိုက်ပြီး . . .

'ဘယ်လိုလဲ ခုထိ သူတို့ ပြန်ထွက်မလာကြသေးပါလား'

သူသည် တစ်ဆက်တည်းပင် သူ့နောက်မှ အရပ်ပုပုလူဘက်သို့ လှည့်ပြီး မေးလိုက်ပြန်၏။

'လုရှိရဲ သုံးနာရီပြည့်သွားပြီလား'

ထိုအရပ်ပုပုလူ၏ ဘွဲ့နာမည်မှာ လက်သုံးချောင်းနဂါး ဖြစ်၏။

လက်သုံးချောင်းနဂါးသည် ခေါင်းခါယမ်းပြလိုက်ပြီး . . .

'မပြည့်သေးပါဘူး'

မြစ်ဝါနဂါးလုချန်စိမ့်သည် မျက်မှောင်ကြုတ်ကာ . . .

'ကျုပ်တော့ စိတ်မရှည်တော့ဘူးဗျာ'

လက်သုံးချောင်းနဂါးလုရှိရဲသည် မဲ့ပြုံးပြုံးလိုက်ပြီး . . .

'သုံးနာရီပြည့်အောင်တော့ စောင့်ရမှာ ပေါ့ကွာ'

*

အချိန်သည် နေးကွေးစွာဖြင့် ကုန်ဆုံးသွား၏။ လက်သုံးချောင်း နဂါးလုရှိရဲသည် စကားမပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေ၏။

သူ၏ စူးရှတောက်လက်သော မျက်လုံးအစုံသည် နံရံပေါ်သို့သာ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

မြစ်ဝါနဂါးလုချန်စိမ့်မှာ မူ ဂဏှာမငြိမ်ဖြစ်နေ၏။

သူသည် စိတ်မရှည်နိုင်တော့ဟန်ဖြင့် ရွှံ့ဗွက်ထဲတွင် ဖင်ချထိုင် နေသော ပိုင်ရှောက်ယူကို တစ်ချက်ကြည့်လိုက်ပြီး . . .

'ပိုင်ရှောက်ယူ ဒီအဆောက်အအုံဟာ တော်တော်အန္တရာယ် များ တယ် ဟုတ်လား'

ပိုင်ရှောက်ယူသည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး . . .

'ဟုတ်တယ် . . .ဒီအဆောက်အအုံထဲကို ဝင်သွားတဲ့ လူမှန်သမျှ ဘယ်တော့မှ ပြန်ထွက်မလာကြတော့ဘူးဗျ'

မြစ်ဝါနဂါးက မျက်မှောင်ကြုတ်ကာ . . .

'မင်းက ဘယ်လိုလုပ်သိသလဲ'

ပိုင်ရှောက်ယူသည် နံရံပေါ်သို့ တစ်ချက်မော့ကြည့်ကာ သက် ပြင်းရှို

က်ရင်း . . .

'သိတာပေ့ါ။ ကျန်ဖုံကျိရယ်၊ သံလက်သီးဖူရန်စိမ့်၊ မြောက် ပိုင်းသိုင်း အကျော်အမော ငေါ်ကျန်ဝေ့တို့ ပါမက သိုင်းလောကက ထိပ်တန်း သိုင်းသမား အတော်များများ ဒီအဆောက်အအုံထဲ ဝင်သွားကြတယ်။ ဒါပေ မယ့် တစ်ယောက်မှ အသက်ရှင်လျက်နဲ့ ပြန်ထွက်လာတာ မတွေ့ရဘူးဗျ'

ထိုအချိန်ကလေးမှာ ပင် . . .

'ဟာ . . .ကြည့်ကြစမ်း'

ဟူသော လက်သုံးချောင်းနဂါး၏ အထိတ်တလန့်အော်ဟစ် ပြောသံကို ရုတ်တရက် ကြားလိုက်ရ၏။

တိမ်ပေါ်နဂါးနှင့် မြစ်ဝါနဂါးတို့ သည် ပြိုင်တူလှည့်ကြည့်လိုက် ကြလျှင် လက်သုံးချောင်းနဂါးသည် နံရံပေါ်သို့ မျက်လုံးပြူးကျယ်စွာ စိုက်ကြည့်နေသည် ကို တွေ့လိုက်ရ၏။

'ဟင်'

မြစ်ဝါနဂါးမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

သူသည် လက်သုံးချောင်းနဂါးကြည့်နေသော နေရာကို လိုက် ကြည့်လိုက်လျှင် မည်းနက်သော နံရံထိပ်ပေါ်၌ အလွန်ဖြူဖွေးနုနယ် သော လက်တစ်ဖက် ဆန့်ထွက်လာသည် ကို တွေ့ မြင်လိုက်ရသည် ။

ဖော့ဖယောင်းပမာ သွယ်ပျောင်းလှပလှသော လက်ချောင်းတွင် အမည်းရောင်တောက်ပနေသော လက်စွပ်တစ်ကွင်း ဝတ်ဆင်ထားသည် ကို သတိပြုမိလိုက်၏။

ထိုဖြူဖွေးလှပသော လက်ကလေးသည် နံရံထိပ်ပေါ်မှ နေပြီး တန်း

လန်းချထားသော ကြိုးအား ဆွဲတင်လိုက်၏။

ထို့နောက် တစ်ဆက်တည်းမှာ ပင် ကြိုးနှင့် အတူ ထိုလှပသော လက်ကလေးပါ နံရံတစ်ဘက်သို့ ရိပ်ခနဲပျောက်ကွယ်သွားသည် ကို မြင်လိုက်ရလေတော့၏။

*

ရှို့ဖွက်ထဲတွင် ခြေပစ်လက်ပစ်ထိုင်ချနေသော တိမ်ပေါ်နဂါးသည် မြေပေါ်မှ ဆတ်ခနဲခုန်ထလိုက်ပြီး . . .

'သုံးနာရီအချိန်ပြည့်သွားပြီဗျ'

'အား . . .'

'အောင်မလေး'

ရုတ်တရက် သူ၏ စကားမဆုံးမီမှာ ပင် ထိတ်လန့်ချောက်ချား စရာကောင်းလှသော စူးစူးဝါးဝါး အော်ဟစ်သံကြီးနှစ်ရပ်က ကြောက် ခမန်းလိလိ ပေါ်ထွက်လာ၏။

'ဟင်'

'ဟယ်'

'အို'

သူတို့ သည် ထိုအော်ဟစ်သံများကို ကြားလိုက်ရသည် နှင့် သူတို့ ၏ ကိုယ်ခန္ဓာရှိသွေးများ ရုတ်တရက်အေးခဲသွားသလို ခံစားလိုက်ကြရ၏။ အသက်ရှူရန်ပင် မေ့လျော့သွားကြရသည် ။

အကြောင်းမှာ . . .

စူးစူးဝါးဝါး အော်ဟစ်လိုက်သောအသံကြီးများ သည် ရွှေနဂါး လုတိတ်နှင့် မီးနဂါးကျုံပိခိုင်တို့ ၏ အသံများ ဖြစ်နေသည် ကို ကောင်းစွာ မှတ်မိလိုက်ခြင်းကြောင့် ပင်တည်း။

*

မြစ်ဝါနဂါးသည် ငေးငိုင်တွေဝေနေရာမှ ပထမဦးဆုံး သတိ ပြန်ဝင်လာသည် ။

သူသည် သူ၏ မြင်းပေါ်မှ ကြိုးခွေကို ချက်ချင်းဖြုတ်ယူလိုက်၏။ သူ၏ မျက်လုံးအစုံမှာ မီးတောက်မီးလျှံပမာ နီရဲနေ၏။

'ပိုင်ရှောက်ယူ၊ လုရှိရဲ . . .ဘာလုပ်နေကြတာလဲ။ ဒီယုတ်မာတဲ့ မိန်းမကို သွားသတ်မယ်'

'ဟိုင်း'

'ဝိုး'

မြစ်ဝါနဂါးသည် ထိုသို့ပြောပြီးသည် နှင့် နံရံခြေရင်းသို့ ပြေးသွားပြီး လက်ထဲမှ ကြိုးစကို နံရံထိပ်သို့ ပစ်တင်လိုက်သည် ။

သို့သော် . . .

သူသည် အလွန်အမင်းစိတ်လှုပ်ရှားနေသောကြောင့် ကြိုးထိပ် မှ သံချိတ်သည် နံရံထိပ်ကို မချိတ်မိဘဲ ပြန်ကျလာသည် ။

ထိုစဉ် လက်သုံးချောင်းနဂါးသည် ပိုင်ရှောက်ယူကို အေးစက် စက်နှင့် ကြည့်လိုက်ပြီး . . .

'ပိုင်ရှောက်ယူ . . .လိုက်မယ်မဟုတ်လား'

ပိုင်ရှောက်ယူသည် မည်သို့ပြန်ပြောရမှန်းမသိဘဲအခက်ကြုံနေရ၏။

လက်သုံးချောင်းနဂါးသည် မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး . . .

'မလိုက်ရင်လဲ ရပါတယ်။ ကျုပ်တို့ အရင်တုန်းက အေးအတူ ပူအမျှ သေအတူရှင်မကွာဆိုပြီး သစ္စာဆိုခဲ့ကြတာ မေ့ပစ်လိုက်ပေါ့ကွာ ဟုတ်လား'

သူသည် ယင်းသို့ပြောပြီးသည် နှင့် နောက်သို့ပင်လှည့်မကြည့် တော့ဘဲ ရှေ့သို့ဆက်လျှောက်သွားလေ၏။

သူသည် မြစ်ဝါနဂါး၏ လက်ထဲမှ ကြိုးကို လှမ်းယူပြီး နံရံထိပ် သို့ ပစ်တင်လိုက်၏။

'ဝှစ်'

'ချွမ်း'

ထို့နောက် အားပြုပြီးဆွဲကြည့်လိုက်၏။

လက်နှစ်ဖက်က ကြိုးစကိုဆွဲကာ နံရံပေါ်သို့ တက်သွားလေသည် ။

ထို့နောက် တခဏအတွင်းမှာ ပင် သူတို့ နှစ်ယောက်သည် နံရံ ၏ နောက်ကွယ်သို့ ပျောက်ကွယ်သွားကြလေတော့၏။

*

လေမုန်တိုင်းစဲသွားသောအခါ မိုးကောင်းကင်ပေါ်တွင် တိမ်များ ကင်းစင်နေသည် ။

ပိုင်ရှောက်ယူသည် ရွှံ့ဗွက်များ ပေါ်မှာ ပင် ရပ်လျက်ရှိနေသေးသည် ။

တခဏကြာမှ သူသည် ခေါင်းငိုက်စိုက်စွာဖြင့် မြင်းပေါ်သို့ တက်လိုက်၏။

တိုတောင်းလှသော တစ်နေ့တာအချိန်ကလေးအတွင်း သူသည် ဆယ်နှစ်ခရီးကို ဖြတ်ကျော်သွားရသလို ထင်မှတ်ရ၏။

မျက်ရည်ဥများ သည် သူ၏ ပိန်လှီလှသော ပါးပြင်ပေါ်သို့ စီးဆင်းကျလာနေ၏။

သူသည် မြင်းကို ကြန့်နန်မြို့ဘက်သို့ ဦးတည်ကာ စိတ်ပျက် လက်ပျက်နှင့် ထွက်ခွာသွားလေတော့၏။

*

ဆည်းဆာရောင်ခြည်သည် တောအုပ်၏ တစ်ဘက်တွင် ရှိနေသော နံရံပေါ်သို့ လှပစွာ ထိုးကျနေသည် ။

နံရံပေါ်၌ မည်းနက်၍ ပြောင်လက်နေသော အရောင်များ တဖိတ် ဖိတ်ထွက်ပေါ်နေ၏။

နံရံ၏ အတွင်းဘက်မှာ မူ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေလေသည် ။

ယင်းအခြေအနေမှာ မည်သည့် ဖြစ်ရပ်မျိုးမျှ မဖြစ်ပွားခဲ့သည့် အခြေမျိုးပင်ဖြစ်နေပေတော့သည် ။

*

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးသွား၏။ ရာသီဥတုသည် အဆက်

မပြတ် ပြောင်းလဲနေသည် ။

ပိုင်ရှောက်ယူသည် တောအုပ်ထဲရှိ ထူးဆန်းသော အဆောက် အအုံမှ ထွက်လာခဲ့သည် မှာ သုံးနှစ်တိုင်တိုင်ရှိခဲ့ပြီ ဖြစ်သည် ။

သို့သော် အတိတ်က အဖြစ်အပျက်ဆိုးများ သည် ကြိမ်လုံး တစ် ချောင်းပမာ သူ့အား အမြဲပင်နှိပ်စက်နေ၏။

'အား . . .'

'အောင်မလေး'

သံန်ရုံ၏ နောက်ကွယ်မှ ထွက်ပေါ်လာသော သူ၏ သွေးသောက် ညီ အစ်ကိုများ ၏ စူးစူးဝါးဝါး အော်ဟစ်သံများကို ပိုင်ရှောက်ယူ နားထဲတွ င် အမြဲကြားယောင်နေခဲ့မိ၏။

သူသည် အိမ်မက်ဆိုးများ အကြိမ်ကြိမ် မက်ခဲ့ရသည် ။

တစ်ခါတစ်ရံ သန်းခေါင်ယံအချိန်တွင် အိပ်ယာမှ လန့်နိုးသွား တတ် ၏။

သူသည် သုံးနှစ်တိုင်တိုင် အထီးကျန်ဘဝဖြင့် နေထိုင်လာခဲ့သည် ။

သူ၏ ရုပ်သွင်မှာ ဆယ်နှစ်ခန့်မျှ ပိုမိုအိုစာနေသလို ဖြစ်ပေါ်လာ ခဲ့ရ သည် ။

ရှုပ်ထွေးနေသော ဆံပင်များ ၊ ရှည်လျားနေသော မုတ်ဆိတ်မွေး များ သည် သူ၏ ရုပ်သွင်အား များ စွာပြောင်းလဲစေခဲ့၏။

သူသည် တောအုပ်ထဲတွင် ဖြစ်ပျက်ခဲ့သော အကြောင်းများကို ကြုံ တွေ့ခဲ့သော သိုင်းလောကသားများအား ပြောပြ၏။ အကူအညီတောင်း ၏။

သို့သော် သိုင်းသမားများ သည် သူ၏ ပြောပြချက်များကို နား ထောင်ပြီး နောက်ဆုံး သူ့အားအထင်သေးကြ၏။ ကဲ့ရဲ့ ရှုံ့ချကြ၏။

မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့အား အဖော်မလုပ်လိုကြပါချေ။

သူ့ကို သရဲဘောကြောင်သူဟု သတ်မှတ်ကာ အားလုံးက အထင်သေးကြ၏။

ယင်းကြောင့် သူသည် စိတ်ဓာတ်ပိုကျလာကာ ခြေဦးတည့်ရာသို့ လျှောက်သွားနေလေတော့၏။

တစ်ချိန်က သိုင်းလောကတွင် တိမ်ပေါ်နဂါးဟု လျှမ်းလျှမ်း တောက်ကျော်ကြားခဲ့သော ပိုင်ရှောက်ယူသည် ယခုအခါ မထင်မရှား မြကြွက် တစ်ကောင်ပမာ ရှိနေလေတော့သည် ။

*

'ဟိုင်း'

'ယား'

'ဟေး'

'ဖြောင်း . . .ဖြောင်း . . .ဖြောင်း'

မြင်းသုံးကောင်သည် ခွာတံဖြောင်းဖြောင်းနှင့် အပြင်းဒုန်း စိုင်း လာ၏။ သူတို့ သည် လမ်းမကြီးအတိုင်း မြို့ကလေးအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်၏။

သူတို့ သည် မြို့ထဲသို့ဝင်ရောက်လာသည် နှင့် သူတို့ သွားလမ်း အလယ်တည့်တည့်တွင် လူတစ်ယောက် ရပ်တန့်ပြီးလက်နှစ်ဖက် မြှောက်

ကာ ဟန့်တားနေသည် ကို မမျှော်လင့်ဘဲ တွေ့လိုက်ရာ၏။

ထိုလူက . . .

'မိတ်ဆွေတို့ ခဏရပ်ကြပါဦး'

ချက်ချင်းပင် မြင်းသုံးကောင် တုံ့ခနဲရပ်တန့်သွားကာ မြင်းစီး သမားများ သည် ထိုလူအား အကဲခတ်ကြည့်လိုက်ကြ၏။

သူတို့ သည် ထိုလူက အဘယ်ကြောင့် ဟန့်တားသည် ကို အကဲခတ်ကြည့်နေခြင်းပင် ဖြစ်၏။

ထိုလူက လက်နှစ်ဖက်ဆုပ် ဦးªတ်လိုက်ပြီး . . .

'ခင်ဗျားတို့ က သိုင်းသမားတွေ မဟုတ်လား'

မြင်းစီးသမားသုံးယောက်အနက်မှ အသက်လေးဆယ်ကျော် ပုဂ္ဂိုလ်သည် ခါးကိုတည့်မတ်စွာ ထိုင်လျက် လက်နှစ်ဖက်ဆုပ်ကာ ပြန်လည် ဦးªတ်လိုက်ပြီး . . .

'ဟုတ်ပါတယ်။ မိတ်ဆွေက ဘယ်သူလဲ'

'ကျုပ်က တိမ်ပေါ်နဂါးပိုင်ရှောက်ယူပါ။ ခင်ဗျားတို့ က ဘယ်သူလဲဗျ'

ထိုအခါ မြင်းပေါ်မှ လူသုံးယောက်အနက် ကိုယ်ခန္ဓာပုပုဝဝ ရှိသောလူသည် မျက်မှောင်ကြုတ်သွားရပြီး . . .

'ကျုပ်နာမည်က လင်ရဲပါ။ ခင်ဗျားမှာ ဘာကိစ္စရှိလို့ ဟန့်တား နေတာလဲ'

ပိုင်ရှောက်ယူ၏ မျက်နှာမှာ ညှိုးငယ်သွားပြီး . . .

'ဒီလိုပါ တောအုပ်တစ်ခုထဲမှာ ကျုပ်ရဲ့ သွေးသောက်ညီအစ်ကို လေး

ယောက်တို့ . . .'

ယင်းကဲ့သို့ သူသည် စကားစလိုက်သည် နှင့် လင်ရဲ၏ မျက်နှာ ပျက်သွားပြီး၊ ကမန်းကတန်း လက်ကာပြလိုက်ကာ . . .

'ဝမ်းနည်းပါတယ် ခင်ဗျာ။ ကျုပ်တို့ မှာ အရေးကြီးတဲ့ ကိစ္စရှိနေလို့ ခင်ဗျားပြောမယ့်စကားကို နားထောင်ဖို့ အချိန်မရှိပါဘူး'

ပိုင်ရှောက်ယူသည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး . . .

'ကျုပ်ပြောမယ့်စကားဟာ သိုင်းလောကသားတိုင်း သိသင့် သိထိုက်တဲ့ ကိစ္စမို့လို့ အချိန်အနည်းငယ်ယူပြီး နားထောင်ပါလို့ တောင်း ပန်ပါရစေ'

လင်ရဲသည် မျက်မှောင်ကြုတ်သွားမိပြီး . . .

'ခင်ဗျားပြောမယ့်အကြောင်းကို ကျုပ်က တစ်ဆင့်စကား ကြားခဲ့ရပြီးပါပြီဗျာ'

ပိုင်ရှောက်ယူက ဦး[a]တ်လိုက်ပြီး . . .

'ဟုတ်ကဲ့ . . .ဒါကြောင့် ခင်ဗျားတို့ က လက်ပိုင်ကြည့်မနေဘဲ ကျုပ်ကိုကူညီပါလို့ တောင်းပန်ပါတယ်'

လင်ရဲ၏ နောက်မှ ကြာပွတ်သိုင်းသမားဝမ်စိန်သည် ရယ်မောလိုက်ပြီး . . .

'ဒီမှာ ပိုင်ရှောက်ယူ။ ကျုပ်တို့ ထက်အစွမ်းထက်ပြီး ကျော်ကြား တဲ့ သိုင်းသမားတွေတောင် ဒီကိစ္စကို ဝင်မစွက်ရဲကြဘူး။ ကျုပ်တို့လို အညတြ တွေက ဝင်ပြီး စွက်ဖက်ရဲပ့ါမလားဗျ'

လင်ရဲကလည်း ရယ်မောကာ . . .

'ခင်ဗျား အခုလို လူတကာလိုက်ပြီး အကူအညီတောင်းနေမယ့် အစား သူတို့ နောက်ကို လိုက်သွားပါလားဗျ'

ကြာပွတ်သိုင်းသမားဝမ်စိန်သည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး . . .

'ဟုတ်တယ်။ ခင်ဗျားက ကိုယ်သွေးသောက်ညီအစ်ကိုတွေ အတွက် အခဲမကျေဘူးဆိုရင် ဘာဖြစ်လို့ ကိုယ်တိုင်မသွားဘဲရှောင်နေရတာလဲ'

သူသည် ယင်းသို့ပြောပြီး လင်ရဲဘက်သို့လှည့်ကြည့်လိုက်ကာ . ..

'ကိုင်း . . .အစ်ကိုကြီး။ ဒီလိုလူမျိုးနဲ့ စကားပြောနေရတာ ဘာမှ အကျိုးမရှိဘူး။ ကျွန်တော်တို့ သွားကြရင် ကောင်းမယ်'

သူ၏ စကားဆုံးသည် နှင့် မြင်းသုံးကောင်သည် ပိုင်ရှောက်ယူအား ဖြတ်ကျော်ပြေးလွှားသွားကြလေ၏။

'ဖြောင်း . . .ဖြောင်း . . .ဖြောင်း'

'ဖြောင်း . . .ဖြောင်း . . .ဖြောင်း'

ဖုံတထောင်းထောင်းနှင့် ထွက်ခွာသွားသော သိုင်းသမား သုံး ယောက်တို့ ၏ ကျောပြင်ကို ကြည့်ကာ ပိုင်ရှောက်ယူသည် သက်ပြင်း တစ်ချက်ချလိုက်ပြီး . . .

'အင်း . . .ငါကိုက သရဲဘောကြောင်လွန်းပါတယ်။ အဲဒီတုန်းက သူတို့ နဲ့ အတူလိုက်သွားခဲ့ရင် ငါ ဒီလောက်အထိ စိတ်ဒုက္ခခံစားနေရမှာ မဟုတ်ဘူး ။ ငါလည်း မသေနိုင်ဘူး'

သူတစ်ယောက်တည်း ညည်းညူရေရွတ်ရင်း ခြေလှမ်းလှမ်း လိုက်လေ၏။

*

ပိုင်ရှောက်ယူသည် ခြေလှမ်းလှမ်းလိုက်သည် နှင့် သူ၏ မျက်လုံး အစုံသည် လမ်းနံဘေးရှိ သစ်ပင်တစ်ပင်ရှိရာသို့ရောက်ရှိသွားသည် ။

ထိုသစ်ပင်အောက်တွင် ပိုးအင်္ကျီရှည်ဝတ်ဆင်ထားသော လူငယ် တစ်ယောက်က မိမိအား ကြည့်၍ ပြုံးနေသည် ကို တွေ့လိုက်ရသည် ။ ယင်းလူငယ်မှာ စာပေသမားနှင့် တူသည် ။

သို့သော် သူဝတ်ဆင်ထားသော အဝတ်အစားများအားကြည့်လျှင်မူ ချမ်းသာကြွယ်ဝသော သူဌေးသားတစ်ယောက်နှင့် တူလှသည် ။

သူသည် ခေါင်းငိုက်စိုက်ချကာ ရှေ့သို့ဆက်လျှောက်သွားသည် ။

သူသည် ယင်းစာပေသမားဟန်ရှိသော လူငယ်၏ ရှေ့မှ ကျော် ဖြတ်လိုက်စဉ်မှာ ပင် ထိုသူငယ်၏ စကားသံကို ကြားလိုက်ရသည် ။

'ဒီမှာ မိတ်ဆွေ၊ ဒီလောက်သာယာနေတဲ့ ရာသီဥတုမှာ ဘာကြောင့် ဒီလောက်တောင် စိတ်ညစ်နေရတာလဲ'

ပိုင်ရှောက်ယူ၏ ခြေလှမ်းမှာ ရပ်တန့်သွားပြီး ယင်းလူငယ်အား လှမ်းကြည့်လိုက်မိသည် ။

ထိုအခါ လူငယ်က မိမိကိုပြုံးပြနေသည် ကို တွေ့ မြင်လိုက်ရ၏။ ထိုလူငယ်၏ ပြုံးပြပုံမှာ အလွန်ရင်းနှီးသော မိတ်ဆွေတစ်ယောက်အား ပြုံးပြလိုက်သော အပြုံးမျိုးပင် ဖြစ်၏။

သူသည် ကြောင်အမ်းအမ်းနှင့် ကြည့်နေစဉ်မှာ ပင် လူငယ်က ပြုံး၍ စကားဆက်လိုက်၏။

'ဒီလိုရာသီအချိန်မျိုးဟာ ဂဏန်းပေါင်းစားလို့ အင်မတန်ကောင်းတဲ့ အချိန်မျိုးဖြစ်ပါတယ်။ မိတ်ဆွေက လက်ခံမယ်ဆိုရင် ကျွန်တော်က

ကျွေးပါ့မယ်'

ပိုင်ရှောက်ယူသည် မျက်မှောင်ကြုတ်သွားပြီး . . .

'မင်းက ကျုပ်ကို ဘာဖြစ်လို့ ကျွေးချင်ရတာလဲ'

လူငယ်က ပြုံးလိုက်ပြီး . . .

'ကျုပ်မှာ လဲ အဖော်မရှိတာနဲ့ ။ နောက်ပြီး ခင်ဗျားက သိုင်းလောက အကြောင်း ဗဟု သုတအတော်ကြွယ်တယ်ဆိုတာ သိရလို့ စေတနာနဲ့ ကျွေး ချင်လို့ ပါ'

ပိုင်ရှောက်ယူသည် ယင်းရုပ်ရည်သန့်ပြန့်သောလူငယ်ကို တအံ့ တသြ ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်မိပြီး . . .

'မင်းက သူဌေးသားတစ်ယောက်လား။ ဘာဖြစ်လို့ အင်မတန် လူမ ဆန်တဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သိုင်းလောကအကြောင်းကို သိချင်ရ တာလဲ'

လူငယ်က ပြုံးလိုက်ပြန်ပြီး . . .

'ကျွန်တော်က သိုင်းလောကအကြောင်းကို သိပ်ပြီး စိတ်ဝင်စား နေမိ လို့ ပါ'

ပိုင်ရှောက်ယူမှာ ရင်မဖွင့်ရသည် မှာ အချိန်ကြာလေပြီဖြစ်ရာ ယခု ထိုလူငယ်က သိုင်းလောကအကြောင်း စိတ်ဝင်စားသည် ဟု တွေ့ ရှိ လို က်ရသဖြင့် စိတ်အနည်းငယ် သက်သာရာရရှိသွားလေသည် ။

'ကောင်းပြီလေ . . .ရှေ့နားမှာ ထမင်းဆိုင်ကလေးတစ်ဆိုင်ရှိတယ်။ လူလည်း နည်းတယ်။ အဲဒီမှာ စားသောက်ရင်း ပြောပြပါ့မယ်'

*